FNILife
Assuring Peace of Mind, the Essence of Life

FIRST NATIONAL INSURANCE (LIFE) CO., LTD

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# စုပေါင်းအသက်အာမခံ စည်းကမ်းချက်များနှင့် လျော်ကြေးအကျုံးမဝင်သောအချက်များ

၁။ မိမိကိုယ်ကိုသတ်သေခြင်း။

၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း။

၃။ အာမခံထားသူများစာရင်းတွင် ပါဝင်သည့် အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်မှ အပြီးထွက်သွားလျှင်သော်လည်းကောင်း ၊ ထုတ်ပယ်ခြင်းခံရသော်လည်းကောင်း၊ ယင်းနေ့နောက်ပိုင်းဖြစ်ပေါ်လာသော သေဆုံးခြင်း နှင့် ဒဏ်ရာရခြင်း အတွက် နစ်နာကြေးရခွင့်မရှိပါ။

၄။ အလုပ်သမားကိုယ်တိုင် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ဒဏ်ရာအတွက် နစ်နာကြေးရခွင့်မရှိပါ။

၅။ အလုပ်သမားကိုယ်တိုင် ဒဏ်ရာရရှိအောင် ဆောင်ရွက်ခြင်းမှ ရရှိသော ဒဏ်ရာအတွက် နစ်နာကြေးရခွင့်မရှိပါ။

၆။ စုပေါင်းအသက်အာမခံကို အလုပ်သမားအနည်းဆုံး (၅)ဦးရှိမှသာ လက်ခံပါမည်။

၇။ အသက် (၁၈) နှစ်မှ (၆၅) နှစ်အထိ မျက်မြင်အားဖြင့် ကျန်းမာရေးကောင်းမွန်သည့် အလုပ်သမားတိုင်း အာမခံထားခွင့်ရှိပါသည်။ အသက် (၁၈)နှစ် မှ (၄၅)နှစ်အထိ မျက်မြင်အားဖြင့် ကျန်းမာရေးကောင်းမွန်သည့် အလုပ်သမားများ အာမခံထားငွေ ကျပ် (၁)သန်းအထိ ဆေးစစ်ခြင်းကင်းလွတ်ခွင့်ဖြင့် လက်ခံပါမည်။ အသက်(၄၅) နှစ် ကျော်လျှင်သော်လည်းကောင်း၊ အာမခံထားငွေ ကျပ် (၁)သန်းကျော်လျှင်သော်လည်းကောင်း အထူးကုဆရာဝန်၏ ဆေးစစ်ချက်ဖြင့် လက်ခံပါမည်။ အာမခံထားသူမှ မိမိ၏ ကုန်ကျစရိတ်ဖြင့် First National Insurance (Life) HO Co.,Ltd ၏ သတ်မှတ်ချက်နှင့်အညီ ဆေးစစ်ပေးရပါမည်။

၈။ အလုပ်သမားတစ်ဦးအတွက် အာမခံထားငွေကို အနည်းဆုံး (ကျပ်တစ်သောင်း) သတ်မှတ်ပြီး အများဆုံး ကျပ်(၅၀)သန်းအထိ လက်ခံပါမည်။

၉။ အာမခံသက်တမ်းမှာ (၁) နှစ်ဖြစ်ပြီး ကျသင့်ပရီမီယံကို တစ်ကြိမ်တည်း တစ်လုံးတည်း ပေးသွင်းရပါမည်။

၁၀။ ပရီမီယံပေးသွင်းသည့်နေ့တွင် အာမခံစတင်ပါမည်။

၁၁။ သက်တမ်းမကုန်ဆုံးမီ သက်တမ်းဆက်လက်တည်မြဲစေရန် ဆောင်ရွက်ရပါမည်။

၁၂။ အာမခံထားသူများစာရင်းတွင် ပါဝင်သည့် အလုပ်သမားတစ်ဦးသည် လုပ်ငန်းမှအပြီးအပိုင် နှုတ်ထွက်သွားလျှင်သော်လည်းကောင်း ၊ ထုတ်ပယ်ခြင်းခံရလျှင်သော်လည်းကောင်း၊ ယင်းနေ့ရက် နောက်ပိုင်းတွင် အကျိုးခံစားခွင့်မရှိတော့ပါ။

၁၃။ စုပေါင်းအသက်အာမခံထားသည့် အလုပ်သမားသည် သက်တမ်းအတွင်းသေဆုံးခြင်း၊ ဒဏ်ရာရခြင်းဖြစ်ပါက တစ်လအတွင်း First National Insurance (Life) HO Co.,Ltd သို့သတင်းပေးပို့ရမည်။

၁၄။ အာမခံထားသူများစာရင်းတွင် ပါဝင်သည့် အလုပ်သမားတစ်ဦးဦးသည် အာမခံသက်တမ်းအတွင်း သေဆုံးပါက အာမခံထားငွေကို အလုပ်ရှင်မှ တစ်ဆင့် အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသို့ တစ်ကြိမ်တည်း ထုတ်ပေးပါမည်။